# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)**

**၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**(၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်)**

## နိဒါန်း

၁။ နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမို တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုး တိုးတက်ရေး၊ စာရင်း ဇယား၊ ကိန်းဂဏန်းများတိကျ မှန်ကန်ရေး၊ ဆင်းရဲချမ်းသာ ကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မား တိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးစသည့် လူမှု စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မူဝါဒများနှင့်အညီ ချမှတ်ထားသော အနှစ် ၃၀ နှစ်ရှည် စီမံကိန်းနှင့် ပဉ္စမကာလတို ၅ နှစ် စီမံကိန်းတို့၏ ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင် စေရမည်။ ဤဥပဒေသည် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ) ၏ ဒုတိယနှစ် စီမံကိန်း ဥပဒေလည်းဖြစ်သည်။

၃။ ဤဥပဒေပါ အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက် ဖြစ်စေ၊ ကဏ္ဍအလိုက် ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍ မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များ နှင့် လုပ်ငန်း အစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည် စီမံကိန်း၊ ၅ နှစ် ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ်

အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းအမျိုးသားစီမံကိန်း များ၌ ကာလအလိုက် ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ ၊ အထူးစီးပွားရေး ဇုန်များနှင့် မြို့ပြ စီမံကိန်းများ၊ စက်မှု ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်၍ မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **အခြေခံနှစ်** ဆိုသည်မှာ တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ (ပဉ္စမကာလတိုငါးနှစ်စီမံကိန်းတွင်အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်ဖြစ်သည်။)

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကကဏ္ဍတွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅၀.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၄.၆ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၃၄.၇ ရာခိုင်နှုန်း မှ ၃၃.၆ ရာခိုင်နှုန်း သို့လည်းကောင်း ၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၂၇.၁ ရာခိုင်နှုန်း မှ ၂၇.၆ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစား ကို ၃၈.၂ ရာခိုင်နှုန်း မှ ၃၈.၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန် ၊

(ဃ) နှစ်အလိုက် ဈေးနှုန်း အရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၇.၃ ရာခိုင်နှုန်း ၊ သမဝါယမပိုင် အခန်းမှ အချိုး အစားအားဖြင့် ၀.၁၁ ရာခိုင်နှုန်း ၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစား အားဖြင့် ၇၂.၇ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက် ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉,၂၁၁,၁၄၃ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၆,၅၈၂,၈၀၀ သန်း တင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၇၄၀,၈၁၄ ရှိခဲ့ရာ မှ ၈၃၉,၅၅၁ ကျပ် သို့ ဖြစ်ပေါ်လာစေရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ စီမံကိန်း ရည်မှန်းချက်များကို ပူးတွဲ (၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆) များဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့က အဆက်အစပ် မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန်ဖြစ်သည်။ ဌာနအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ချမှတ်ဆောင်ရွက်နိုင်သည်။

၆။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က ချမှတ်ဆောင်ရွက်ခဲ့သော စီမံကိန်းများကိုသော်လည်းကောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် တင်ပြသော စီမံကိန်းများကိုသော်လည်းကောင်းလက်ခံ စဉ်းစားရမည်။ ထိုစီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ စီးပွားရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည် အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံနှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကို လည်း အလေးထား ဆောင်ရွက်ရမည်။

၉။ စီမံကိန်းတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက် များ ပြည့်စုံမှ ခွင့်ပြု ဆောင်ရွက်ရမည်။

၁၀။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ အမျိုးသား စီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ ၊ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ ဆောင်ရွက်ရန် သဘောတူ ခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟို အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့အစည်းအသီးသီးတို့သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊

နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသောဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်